မြန်မာနိုင်ငံရှေ့နေများကောင်စီ
Burma Lawyers' Council

1PO Box 144 Mae Sod Post Office Tak Province 63110 Thailand Tel : Fax (66) (055) : 542 910 E-mail : blcsan@ksc.th.com; Website : www. blc-burma.org

# အပြစ်မဲ့ပြည်သူတဦးဖြစ်သည့် ဦးစန်းကျော်ကိုရပ်ကွက်အုပ်ချုပ်ရေးအာဏာပိုင်များမှ ပြင်းထန်စွာရိုက်နှက်ခြင်းအပေါ် ဥပဒေရေးရာသုံးသပ်ထုတ်ပြန်ချက်

## ၁။အမှုဖြစ်စဉ်အကျဉ်း

မြောက်ဥက္ကလာပမြို့နယ်၊ (၁) ရပ်ကွက်၊ သုမိတ္တာလမ်း တွင်နေထိုင်သူ ဦးစန်းကျော်ကို လူမှုရေးကိစ္စ ဆွေးနွေးရန် အတွက်ဟုဆိုကာ မြောက်ဥက္ကလာပမြို့နယ်၊ (၁) ရပ်ကွက်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးရုံးသို့ ခေါ်ယူကာ၊ ရ.ယ.က ဥက္ကဌနှင့် အဖွဲ့ဝင်များ၊ မီးသတ်အဖွဲ့ဝင်များက ဝိုင်းဝန်းရိုက်နှက်ခဲ့ကြောင်းနှင့်ထိုသို့ ရိုက်နှက်ခံရသဖြင့် မြောက်ဥက္ကလာပဆေးရုံကြီးတွင် အရေးပေါ်လူနာအဖြစ်ဆေးကုသမှုခံယူနေရကြောင်းသိရှိရသည်။

ထိုသို့ရိုက်နှက်ရခြင်းမှာ ဦးစန်းကျော်သည်၊ မီးရထားပိုင်မြေအတွင်း လက်ဘက်ရည်ဆိုင်ဆောက်လုပ်ဖွင့်လှစ်ရောင်းချခြင်းအတွက် ရ.ယ.က အဖွဲ့ကို အခကြေးငွေအဖြစ် ကျပ်-၆ သိန်း( ခြောက်သိန်းတိတိ) ပေးဆောင်ရကြောင်းနှင့် ယင်းကဲ့သို့ကျူးကျော်ဆိုင်ခန်းများကို မီးရထားဌာနမှ ဖျက်သိမ်းခိုင်းသည့်အခါတွင် ဦးစန်းကျော်မှ ၄င်းအနေဖြင့် ယခုကဲ့သို့ ဆိုင်ခန်းဖွင့်လှစ်ရောင်းချနိုင်ရန်အတွက် ရ.ယ.က ဥက္ကဌကို ငွေကျပ်ခြောက်သိန်းတိတိပေးဆောင်ထားရပါကြောင်းကို ပြောဆိုမိသောကြောင့်ဖြစ်သည်ဟုသိရှိရသည်။[1]

ရ.ယ.က ရုံးခန်းအတွင်း ရိုက်နှက်ခံရသဖြင့် ဦးစန်းကျော်သည် ရုံးအပြင်ဘက်သို့ထွက်ပြေးရာ မြောင်းထဲ သို့ပြုတ်ကျခဲ့သည့်အပြင် ထိုကဲ့သို့ပြုတ်ကျနေစဉ်အတွင်း၌လည်းဆက်လက်ရိုက်နှက်ခံရသည်ဟု သိရှိရသည်။

ယင်းကဲ့သို့ရိုက်နှက်မှုဖြစ်ပွားသည်ကို မှုခင်းနှိမ်နင်းကျဆင်းရေးအတွက် အဓိကတာဝန်ရှိသောမြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်တစ်ဦးလည်းမျက်မြင်သက်သေအဖြစ်ပါဝင်ကြောင်းသိရှိရသည်။

## ၂။ ဥပဒေရေးရာသုံးသပ်ထုတ်ပြန်ချက်

၁။ ရိုက်နှက်မှုကျူးလွန်ခြင်းမှာ ရာဇဝတ်မှု ပင်ဖြစ်သည်။
၂။ အခင်းဖြစ်ပွားသည့်နေရာမှာရပ်ကွက်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးခန်းအတွင်း၌ဖြစ်သည်။
၃။ အရိုက်ခံရသူမှာ အပြစ်မဲ့ပြည်သူတစ်ဦးဖြစ်သည့် ဦးစန်းကျော်ဆိုသူဖြစ်သည်။
၄။ ရိုက်နှက်ကြသူများမှာ၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဌ မှဦးဆောင်လျက် ၄င်း၏ အဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်နှစ်ဦးပါဝင်သည်။
၅။ လူမှုရေးကိစ္စဆွေးနွေးမည်ဟူသောအကြောင်းပြချက်ဖြင့်၊ ဦးစန်းကျော်ကို ဆင့်ခေါ်ကာ လူအုပ်စုဖြင့် ဝိုင်းဝန်းရိုက်နှက်ခြင်းဖြစ်သဖြင့် ကြိုတင်ကြံစည်မှုဖြင့် ပြစ်မှုကျူးလွန်ကြောင်းပေါ်ပေါက်သည်။

[1] 10.6.2009 DVB

၆။ လူမှုရေးကိစ္စဆွေးနွေးမည်ဟူသော အကြောင်းပြချက်ဖြင့်၊ဆင့်ခေါ်ကာ ရိုက်နှက်ခြင်းဖြစ်သောကြောင့်၊ အပြန်အလှန် ရန်ဖြစ်ခြင်း မဟုတ်ကြောင်းထင်ရှားသည်။ ထို့ပြင် ရိုက်နှက်ခံရသူဘက်မှ ရိုက်နှက်သူများဒေါသထွက်လောက်အောင် ရန်စခြင်းမျိုးလည်း အမှုဖြစ်အကြောင်းအရာများမှ မပေါ် ပေါက်ပေ။

၇။ ရိုက်နှက်ရာတွင် ဓာတ်မီးကိုလက်နက်အဖြစ်အသုံးပြုခြင်းကြောင့် ၊ တုံးသောလက်နက်ကို အသုံးပြုခြင်းဖြစ်ပေသည်။

၈။ အရိုက်ခံရသောဦးစန်းကျော်မှာ အရေးပေါ်အတွင်းလူနာအဖြစ်အမျိုးသားခွဲစိတ်ကုသအဆောင်တွင် ဆေးကုသမှု ခံယူနေရခြင်းဖြစ်သောကြောင့် အပြင်းအထန်နာကျင်စေမှုမြောက်ပေသည်။

ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ- ၃၂၅ ပြဋ္ဌာန်းချက်တွင်

- မည်သူမဆို-
- ပုဒ်မ- ၃၃၅ တွင်ပြဋ္ဌာန်းထားသော အချက်မှာမှတပါး တစ်ဦးတစ်ယောက်သောသူအား မိမိအလိုအလိုအလျောက် အပြင်းအထန် နာကျင်စေလျှင်၊ ထိုသူကို ခုနစ်နှစ်ထိထောင်ဒဏ် တမျိုးမျိုးချမှတ်ရမည့်အပြင်၊ ငွေဒဏ်လည်းချမှတ်နိုင်သည်။ ဟုပြဋ္ဌာန်းထားပေသည်။

ပုဒ်မ- ၃၃၅ ပြဋ္ဌာန်းချက်ဆိုသည်မှာ-

ဒေါသထွက်အောင် ပြုမှုကြောင့် မိမိ အလိုအလျောက်အပြင်းအထန် နာကျင်စေမှု ပင်ဖြစ်သည်။ထို့ကြောင့် အထက်ဖော်ပြပါ ဦးစန်းကျော်၏ အမှုဖြစ်စဉ်သည် ၄င်းကိုယ်တိုင် ရ.ယ.က ဥက္ကဋ္ဌနှင့်အဖွဲ့အား ဒေါသထွက်အောင်ပြုလုပ်ခြင်းမဟုတ်ကြောင်းပေါ်ပေါက်လျက်ရှိသည်။

- ထို့ပြင် ပြစ်မှုကျူးလွန်ကြသူများမှာ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ နှင့် အဖွဲ့ဝင်များ၊ မီးသတ်များဖြစ်နေသောကြောင့် ၄င်းတို့ကိုယ်တိုင်တရားဥပဒေကိုလေးစားလိုက်နာရန် နှင့် တရားဥပဒေစိုးမိုးရေးကို ဖော်ဆောင်ကြရမည့်တာဝန်ရှိကြသူများဖြစ်ပါလျက်၊ ယခုကဲ့သို့ပြစ်မှုတခုကို ကြိုတင်ကြံရွယ်ချက်များဖြင့်ကျူးလွန်ကြခြင်းမှာ၊ မြန်မာနိုင်ငံတွင်တရားဥပဒေစိုးမိုးမှုမရှိကြောင်းကိုထင်ထင်ရှားရှားပြသလိုက်ရာရောက်ပေသည်။
- ရိုက်နှက်ခြင်းပြုကြသူများမှာ အုပ်ချုပ်ရေးအဏာပိုင်များ နှင့် မီးသတ်များဖြစ်သောကြောင့် တရားဥပဒေဆိုသည်ကို နားလည်ကြသူများဖြစ်ပြီး ထိုကဲ့သို့သောပြစ်မှုမျိုးကိုမကျူးလွန်ထိုက် ကြောင်းသိရှိပြီးသားဖြစ်ပါလျက် ကျူးလွန်ကြခြင်းဖြစ်သည့်အတွက် ထိရောက်ဟန့်တားသောပြစ်ဒဏ်များကိုချမှတ်သင့်ကြောင်းအမှုဖြစ်စဉ်များကဖော်ညွှန်းလျက်ရှိသည်။
- အုပ်ချုပ်ရေးအဖွဲ့အစည်းများကိုယ်တိုင် ရိုက်နှက်မှုကျူးလွန်ကြခြင်းဖြင့် မြန်မာနိုင်ငံ၏ ရန်ကုန်မြို့ကဲ့သို့သောနေရာဒေသများမှာပင် ပြည်သူလူထု၏ လုံခြုံစိတ်ချစွာ အသက်ရှင်ရပ်တည်ပိုင်ခွင့်မရှိတော့ကြောင်းကိုယင်းဖြစ်ရပ်က ပြသလျက်ရှိပါသည်။
- မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအနေဖြင့်လည်း အထက်ပါကဲ့သို့သော ရိုက်နှက်မှုမျိုးကို မိမိ၏ မျက်မှောက်တွင် အလျဉ်းသင့်တွေ့ရှိသည့်အပြင် ရဲအရေးယူပိုင်သောပြစ်မှုပင်ဖြစ်ပါလျက် ပြစ်မှုကျူးလွန်ကြသူများကို ဆက်လက်ကျူးလွန်ခွင့်ပေးထားခြင်းမှာ တာဝန်ဝတ္တရားပျက်ကွက်မှုပင်ဖြစ်သည်။ ရဲလက်စွဲဥပဒေ အပိုဒ်- ၁၀၅၀ (၁) တွင် အရေးယူပိုင်သည့်ပြစ်မှုတခုခုတွင်ပါဝင်သူကို ရာဇဝတ်တရားသူကြီးထံမှ အမိန့်ဝရမ်းမပါဘဲ ဖမ်းဆီးနိုင်သည်ဟု ဖော်ပြထားသည်။ထို့ကြောင့်အထက်ဖော်ပြပါ ပြစ်မှုကျူးလွန်သည်ကို ရဲတပ်ဖွဲ့ဝင်တစ်ယောက်မှမြင်တွေ့သိရှိပြီးဖြစ်ပါလျက် ပြစ်မှုကျူးလွန်

သူများ ကို ပြစ်မှုကျူးလွန်နေစဉ်အတွင်းဖမ်းဆီးခြင်းမရှိသည်မှာ ရဲတပ်ဖွဲ့ဝင်ကိုယ်တိုင်သည်ပင်လျှင် တာဝန်ဝတ္တရား ပျက်ကွက်မှုဖြင့် ရိုက်နှက်မှုကိုကျူးလွန်လိုက်ခြင်းဖြစ်ကြောင်း ဥပဒေရေးရာ သုံးသပ်ချက်ထုတ်ပြန်အပ်ပါသည်။

၁၀.၆.၂၀၀၉

ဥပဒေရေးရာသုံးသပ်ရေးအဖွဲ့
မြန်မာနိုင်ငံရှေ့နေများကောင်စီ

အသေးစိတ်သိရှိလိုပါလျှင်-
ဦးမျိုး
တာဝန်ခံ
ဥပဒေရေးရာသုံးသပ်ရေးအဖွဲ့၊ ဖုန်း-၀၈၆၂၁၆၀၁၀၈